# (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့သို့ ပေးပို့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌ ဦးသန်းဌေး၏ သဝဏ်လွှာ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ကျရောက်သော (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့သည် ချင်းတိုင်းရင်းသားတို့၏ သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၌ လူထုညီလာခံ ကျင်းပခဲ့ရာ မျိုးနွယ်စုအကြီးအကဲများ အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ချင်းအမျိုးသားညီလာခံမှ ဆုံးဖြတ်ချက်ချမှတ်နိုင်ခဲ့သည့်အဆိုပါနေ့အား ဂုဏ်ပြုသောအားဖြင့် ချင်းအမျိုးသားနေ့ အဖြစ်စအပြု သတ်မှတ်ကျင်းပလာခဲ့သည်မှာ (၇၃) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အနေဖြင့် ချင်းမျိုးနွယ်စုတိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများနှင့် သမိုင်းအစဉ်အလာကောင်းများကို ချင်းတိုင်းရင်းသားများနှင့်ထပ်တူ ထာဝစဉ်အလေးထားဂုဏ်ယူလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်ကျရောက်ခဲ့ပြီးနောက် ပြည်ထောင်စုဖွားချင်းတိုင်းရင်းသားတို့သည်လည်း အခြားတိုင်းရင်းသားများနည်းတူ နယ်ချဲ့လက်အောက်တွင် ခါးသီးဖွယ်ကောင်းသည့် ဖိနှိပ်မှုမျိုးစုံ ခံစားခဲ့ကြရပါသည်။ သူ့ကျွန်မခံလိုသော ချင်းတိုင်းရင်းသားတို့သည် ရရာလက်နက်လူသူစုံရုံးကာ နယ်ချဲ့အစိုးရကို တွန်းလှန်တိုက်ခိုက်ခဲ့ကြပါသည်။ နယ်ချဲ့အစိုးရသည် ပြည်နယ်ပြည်မ၊ တောင်တန်းမြေပြန့် ခွဲခြား၍ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို ဖြိုခွဲရန် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ နယ်ချဲ့အစိုးရလက်အောက်တွင် ခေတ်အဆက်ဆက်ဆန့်ကျင် တော်လှန်ခဲ့ကြပါသည့် အမျိုးသားရေးစိတ်ဓါတ်သည် ချင်းအမျိုးသားနေ့ ပေါ်ပေါက်လာရန် သန္ဓေတည်ခဲ့သည့် အကြောင်းတရားတစ်ခုဖြစ်ပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ပင်လုံညီလာခံတွင် အခြားတိုင်းရင်းသားများနှင့်အတူ ချင်းအမျိုးသားကိုယ်စားလှယ်များပါဝင်၍ ပင်လုံစာချုပ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး လွတ်လပ်ရေးရယူနိုင်ခဲ့ခြင်းသည် စည်းလုံးညီညွတ်မှုဖြင့် ပြည်ထောင်စုစိတ်ဓါတ်ကို ဖော်ပြခဲ့သည့် သမိုင်းမှတ်တိုင် တစ်ခုဖြစ်ပါသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိပြီး ခရိုင် (၄) ခရိုင်၊ မြို့နယ် (၉) မြို့နယ် တို့ဖြင့် ဖွဲ့စည်းထားပြီး ချင်းတိုင်းရင်းသား မျိုးနွယ်စုများနှင့်အတူ အခြားတိုင်းရင်းသားများစုပေါင်းနေထိုင်ကြသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ တောတောင်ထူထပ်ပြီး မြေပြန့်အလွန်နည်းပါးသော ဒေသတစ်ခုဖြစ်ပြီး တောင်တန်းများသည် မြောက်မှ တောင်သို့ သွယ်တန်းလျက်

တောင်တန်းများကြားတွင် မြစ်၊ ချောင်း၊ မြစ်ဝှမ်း၊ ချိုင့်ဝှမ်းများဖြင့် တည်ရှိနေသည့် သာယာလှပသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ခရီးလမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအတွက် အပန်းဖြေလည်ပတ် သွားလာစရာ နေရာတစ်ခုအဖြစ် ထင်ရှားလာမည်ဖြစ်ပါသည်။ အနောက်ဖက်တွင် အိန္ဒိယနိုင်ငံနှင့် ထိစပ်နေသောကြောင့် နယ်စပ်ဝင်ပေါက်များမှတဆင့် ရင်းနှီးမြုပ်နှံမှု၊ ကုန်သွယ်မှု၊ ကူးသန်းရောင်းဝယ်မှု၊ ခရီးသွားလာမှုများ အရှိန်အဟုန်ဖြင့်တိုးတက်လာမည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ချင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုမှလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်၍ ပြည်ထောင်စုတိုင်းရင်းသားများနှင့်အတူလက်တွဲကာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသောကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်ပါသည်။ လက်ရှိအခြေအနေတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စုပေါင်းဖွဲ့စည်းမှု၊ ဆွေးနွေးအဖြေရှာမှု နည်းလမ်းများကို အသုံးပြု၍ အမျိုးသားရေး သမိုင်းပေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိပါသည်။ တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တပ်မတော်ငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီကို တိုးချဲ့ဖွဲ့စည်း၍ ဖြစ်နိုင်သမျှသော နည်းလမ်းများဖြင့် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ချင်းတိုင်းရင်းသားညီအစ်ကို မောင်နှမများမှလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်ဝသော (၇၃) နှစ်မြောက် ချင်းအမျိုးသားနေ့မှသည် အနယ်နယ်အရပ်ရပ်မှ ချင်းအမျိုးသားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်အနှစ်သာရများနှင့် ဒီမိုကရေစီအနှစ်သာရများပြည့်ဝသည့် ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးတွင် ခိုင်မာသော ပြည်ထောင်စုစိတ်ဓါတ်ဖြင့် အတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

သန်းဝေ

ဥက္ကဋ္ဌ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ